# ကိုဗစ်-၁၉ - တရားရုံးအဆောက်အဦးများ အတွင်းသို့ ဝင်ရောက်ရာတွင် နှာခေါင်းစည်းအတွက် လမ်းညွှန်ချက်အသစ်

**တရားရုံးချုပ် အမိန့်ကြေညာချက် 2021-27 နှင့်အညီ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက် တွင် စတင်အသက်ဝင်သည်**

**ဝင်ခွင့်မရှိသူများ**

အောက်ပါ အခြေအနေရှိသူများ အဆောက်အဦးထဲ မဝင်ရပါ -

- ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း သို့မဟုတ် အသက်ရှူရခက်ခြင်း၊ ဖျားခြင်း၊ ချမ်းခြင်း၊ မောပန်းခြင်း၊ ကြွက်သားနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာပိတ်ခြင်း သို့မဟုတ် နှာရည်ယိုခြင်း၊ ပျို့ခြင်း သို့မဟုတ် အန်ခြင်း၊ ဝမ်းသွားခြင်း၊ လည်ချောင်းနာခြင်း သို့မဟုတ် လတ်တလော အနံ့ သို့မဟုတ် အရသာပျောက်ခြင်းတို့ အပါအဝင် ကိုဗစ်-၁၉ ရောဂါလက္ခဏာတစ်ခုခုရှိနေလျှင်။
- လွန်ခဲ့သော ၁၀ ရက်အတွင်း ကိုဗစ်-၁၉ ရှိကြောင်း စစ်ဆေးတွေ့ရှိထားလျှင် သို့မဟုတ် အများပြည်သူအကြား သွားလာလှုပ်ရှားမှုများ ပြန်လုပ်ရန် ခွင့်ပြုမထားလျှင်။
- ထိတွေ့မိချိန်တွင် ကိုဗစ်-၁၉ ရောဂါရှိကြောင်း တွေ့ရှိထားသော မည်သူနှင့်မဆို လွန်ခဲ့သော ၁၄ ရက်အတွင်း အနီးကပ် ထိတွေ့မှုရှိထားပြီး အောက်ပါတို့အနက် တစ်ခုခုဖြစ်လျှင် -
    - ကာကွယ်ဆေး အပြည့်အဝ မထိုးထားခြင်း သို့မဟုတ်
    - ကာကွယ်ဆေး အပြည့်အဝ ထိုးထားသော်လည်း ရောဂါလက္ခဏာများ ခံစားနေရခြင်း။
- CDC ၏ ကိုဗစ်-၁၉ ဆိုင်ရာ နောက်ဆုံးလမ်းညွှန်ချက်အရ သီးခြားခွဲနေရမည့် သို့မဟုတ် တစ်ဦးတည်းနေရမည့်သူဖြစ်လျှင်။

## နှာခေါင်းစည်းကို မဖြစ်မနေ တပ်ရမည်မဟုတ်သော်လည်း တပ်ရန် အလေးအနက် တိုက်တွန်းပါသည်

ကင်တပ်ကီပြည်နယ်တွင် ကိုဗစ်-၁၉ ဒယ်လ်တာမျိုးစိတ် ပျံ့နှံ့နေခြင်းကြောင့် တရားရေးစင်တာ၊ တရားရုံး သို့မဟုတ် အခြားတရားရုံး အဆောက်အဦးတစ်ခုသို့ ဝင်ရောက်သော မည်သူမဆိုအား နှာခေါင်းစည်းဝတ်ဆင်ရန် အလေးအနက် တိုက်တွန်းပါသည်။